# နှစ်အနည်းငယ်အတွင်း ရွာပျောက်စေမည့် ကမ်းပါးပြိုမှု

သတင်းရင်းမြစ် >
ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၂၁ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၃၄ မိနစ်

အယ်ဒီတာခင်ဗျာ..

ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်အတွင်းက ယင်းမူကုန်း ကျေးရွာအုပ်စုအတွင်းက ရွာတွေဟာ ဧရာဝတီမြစ် ကမ်းပါးပြိုမှုဒဏ်ကြောင့် ရွာသစ်တွေ ပြောင်းကြရတာ သုံးကြိမ်တိုင် ရှိပါပြီ။ ရွာဆိုလို့ တဲသာသာ ဝါးတဲအိမ်ကလေးတွေချည်း ရှိတဲ့ ရွာမဟုတ်ပါဘူး။ အိမ်ကြီးရခိုင်တွေချည်း ဖြစ်ပါတယ်။ မြစ်ရေ တိုက်စားမှု ကလည်း တစ်နှစ်ပြီးတစ်နှစ် ရပ်မသွားတာကြောင့် အဲဒီအိမ်ကြီးရခိုင်ဆိုတာတွေတောင် ဖျက်လိုက်၊ ဆောက်လိုက်နဲ့ မည်ကာမတ္တသာ ကျန်ပါတော့တယ်။

အိမ်တွေတင် မကပါဘူး ဒေသခံ ရွာသားတွေဟာလည်း အဲဒီ မြေယာပေါ်မှာ ချည်းပဲ မှီခို လုပ်ကိုင် စားသောက်ကြတဲ့ သူတွေပဲရှိတာမို့ စီးပွားရေးတွေ တစ်စတစ်စ ကျဆင်းလာရာကနေ အခုဆို စားသောက်ဖို့ ခက်ခဲတဲ့အထိ ဖြစ်လာပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်းမှာတင် မြစ်ကမ်းပါးပြိုမှုကြောင့် တစ်ချိန်ကမင်းကွန်းဆရာတော်ဘုရားကြီး အလှူခံကြွလေ့ရှိခဲ့ပြီး စာသင်တိုက်တွေနဲ့ စည်ကားခဲ့တဲ့ လက်ပံကားယားဆိုတဲ့ ရွာကြီး၊ နောက်ပြီး ကျောင်းကုန်းရွာ၊ ထိပ်ဦး၊ မင်္ဂလာကျွန်းစတဲ့ ဧရာဝတီမြစ် တစ်ဖက်တစ်ချက်မှာရှိခဲ့တဲ့ လေ့ကုန်ကူးခဲ့ကြတဲ့ ရွာတွေ စိုက်ပျိုးရေး ရွာတွေဟာဆိုရင် ပျောက်ကွယ်သွားခဲ့ပါပြီ။

အခုလည်း ယင်းမူကုန်းရွာဆိုရင် မကြာခင် နှစ်အနည်းငယ်အတွင်း ပျောက်ကွယ်သွားတော့မှာ ဖြစ်ပါတယ်။ ဒီဒေသက လူတွေလည်း ပြေးစရာမြေမရှိတော့လို့ ရွာကို စွန့်ကြရပါတော့မယ်။ စားရေးသောက်ရေး အခက်အခဲကိုလည်း ရင်ဆိုင်နေရသူတွေ များသထက် များလာနေပါပြီ။ နှစ်သုံးဆယ်ကျော်အတွင်း တဖြည်းဖြည်းချင်း ဒုက္ခရောက်လာနေတဲ့ ဒီဒေသရဲ့ ပြဿနာကို ဘယ်သူကမှ သတိမထားခဲ့ကြပါဘူး။

ဒေသခံတွေဟာလည်း လုပ်စားစရာ မြေတွေမရှိတော့လောက်အောင် ဖြစ်နေတာကြောင့် ယခင်က ယာထဲ ကိုင်းထဲမှာ ဇောက်ချ လုပ်ခဲ့တဲ့သူတွေဟာ မြို့တော်ရန်ကုန်ဆီ ချီတက်နေကြပါပြီ။ မြို့ရောက်တော့လည်း အိမ်ဖော်၊ ခဲချောင်းဆွဲ၊ အထည်ချုပ်တွေနဲ့ပဲ တည့်တည့်တိုးနေရပါတယ်။ ရွာမှာလည်း သက်ကြီးရွယ်အို အဘိုးအဘွားတွေပဲ ကျန်ခဲ့ကြပါတယ်။

ဒါကြောင့် ဒီရွှေတောင်မြို့နယ်၊ ယင်းမူကုန်းရွာအုပ်စုက အခက်အခဲကို စစ်ဘေးဒဏ် ခံရတဲ့ သူတွေရဲ့ အရေးလိုပဲ သေချာ စီမံချက်ချ ကူညီပေးကြစေလိုကြောင်း စာရေးသား ပေးပို့လိုက်ပါတယ်။